KHRG ကရင်လူ့ အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

# အစီရင်ခံစာ အကျဉ်းချုပ်

၂၀၁၅ ခုနှစ် ဖွန်လ

## "ကျွန်ုပ်တို့ ရွာသားများ ပြောသည့် အသံ တစ်ခုတည်းဖြင့် ဘာများဖြစ်လာနိုင်မည်နည်း"

## မြန်မာပြည်အရှေ့တောင်ပိုင်းရှိ မြေယာသိမ်းဆည်းမှုနှင့်ဒေသခံတို့ ၏တုံ့ပြန်မှုများ

*"အခုကြည့်ပါလား၊ ကျမတို့ရဲ့ အဘိုးအဘွားတွေဆီက ပေးထားတဲ့မြေတွေ၊ အကုန်လုံးပျက်စီးကုန်ပြီး။ သူတို့ကတော့ ပိုက်ဆံယူပြီး စီးပွားရေးတွေလုပ်တယ်၊ ကျမတို့က အရှုံးခံရတယ်၊ အနာခံရတယ်။ ကျမတို့ ဘာမှလည်းမရဘူး။ အနစ်နာခံရတယ်ဘယ်လောက် အထိတောင် အနိုင်ကျင့်လဲ ကျမတို့ကို။ လူဆိုတာဘာလဲ။  လူချင်းအတူတူဘဲ၊ သူများထိမလား၊ နာမလား သူတို့မသိဘူး။ သူတို့ကတော့ တခြားလူတွေ ဘယ်လိုခံစားရမလဲဆိုတာ မသိကြဘူး။ သူတို့ပိုက်ဆံရရင်တော်ပြီး၊ သူတို့အမြတ်ရဖို့ဘဲ သိတယ်၊ တခြားလူတွေဘယ်လိုခံစားရလဲ၊ သူတို့ အဘိုးအဘွားလယ်လား အဲဒါ။ ပြောလိုက်ရင် တစ်ယောက်မှမဟုတ်ဘူး။  အဲ့ဒါလူလား၊ လူမဟုတ်ဘူး တိရိစ္ဆာန်တွေ...သူတို့အတွက်ကတော့ သူတို့လုပ်ချင်တာကို ပိုက်ဆံအိတ်တွေနဲ့လုပ်လို့ရတယ်။ ကျမတို့က "အသံနှင့်ပြောနေရုံဖြင့် ဘာဖြစ်လာနိုင်မှာလဲ။"*

နော် တ---၊ ဒ---ကျေးရွာ၊  ကျုံဒိုးမြို့နယ် ၊ဒူးပလာယာခရိုင်/ကရင်ပြည်နယ် တောင်ပိုင်း
(နိုဝင်ဘာလ ၂၀၁၄ ခုနှစ်တွင်မေးမြန်းခဲ့)

*"သိမ်းဆည်းသွားတဲ့မြေတွေအတွက် လျော်ကြေးငွေမပေးပါဘူး။ သူတို့ကပြောတယ် 'ခင်ဗျားစကားအ ရမ်းများရင်လျော်ကြေးရမှာ မဟုတ်ဘူး။' ဒါကြောင့် ကျွန်မစကားအရမ်းမပြောရဲဘူး။"*

နော်က-------၊ ခ-----ကျေးရွာ၊ မလေးလယ် ကျေးရွာအုပ်စု၊ ဒွဲလိုးမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ် အရှေ့မြောက်ပိုင်း
(ဖွန်လိုင်လ ၂၀၁၄ ခုနှစ်တွင် လက်ခံရရှိသော မြေယာသိမ်းဆည်းမှုမှတ်တမ်း ပုံစံစာရွက်)

၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတစ်လျှောက်တွင်ရှိသော ကရင်ဒေသ ခံများသည်မြေယာသိမ်းဆည်းမှုများ နှင့်ထိုမြေယာသိမ်းဆည်းမှုများကြောင့် ဖြစ်ပေါ်သော အကျိုးဆက်များကို တင်ပြလာကြသည်။ ထိုသို့ဖြစ်ရခြင်းမှာ ၂၀၁၂ ခုနှစ် ဇန်နဂါရီလတွင် ပြုလုပ်ခဲ့သော မြန်မာအစိုးရ နှင့်ကရင်အမျိုးသားအစည်း အရုံးကြားရှိပဏာမ အပစ်ခတ်ရပ်စဲရေး သဘောတူညီမှု ရရှိသည့်နောက်ပိုင်းတွင် ပြည်တွင်းနှင့် နိုင်ငံတကာ စီးပွားရေး ရင်းနှီး မြုပ်နှံမှုများ လျင်မြန်သော တိုးပွားလာမှုကြောင့် ဖြစ်ပါသည်။ အကျိုးဆက်အနေဖြင့် စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုအတွက်မြေယာသိမ်းယူခြင်းများသည် မြန်မာပြည် အရှေ့တောင်ဘက်ခြမ်းတွင် နေထိုင်သော ကရင်ဒေသခံ ရွာသားများအတွက် အဓိက စိုးရိမ်ပူပန်မှု တစ်ရပ်ဖြစ်လာပါသည်။ ရွာသားများမှ အစဉ်တစိုက်

တင်ပြထားသည်မှာ စီမံကိန်းလုပ်ငန်းများရေး ဆွဲနေစဉ်ကာလနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေစဉ်ကာလအတွင်းတွင် စီမံကိန်းလုပ်ငန်းနှင့် ပတ်သက်သည့် ၄င်းတို့၏ အမြင်သဘောထားများသည် လျစ်လျူရှုခြင်းခံရပြီး များသောအားဖြင့်လျော်ကြေးငွေ မရရှိခြင်း သို့မဟုတ် ရရှိသော်လည်း အပြည့်အဝမရရှိခြင်းပင်ဖြစ်ပါသည်။

ဤအစီရင်ခံစာကို ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း နှင့်မွန်ပြည်နယ်နှင့် ပဲခူးတိုင်း အစိတ်အပိုင်း တစ်ချို့ပါဝင်သော ကရင်ခရိုင်ပေါင်း ၇ ခုမှ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ နှင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလအကြား ကရင်လူ့အခွင့်အရေးအဖွဲ့၏ သတင်းကောက်ယူ သူများမှ ရေးသားသော အစီရင်ခံစာ ၁၂၆ စောင်အား အခြေခံ၍ ရေးသားထားခြင်း ဖြစ်သည်။




၂၀၁၄ခုနှစ် ဧပြီလ ၂၇ရက်တွင် (ကရင်ပြည်နယ် အနောက်မြောက်ပိုင်း)၊ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်မှ ရွာသူရွာသားများစုရုံးပြီး သောက်ရေခပ်မြစ်တွင် ဒုတိယရေကာတာတစ်ခု တည်ဆောက်ခြင်းကို ဆန့်ကျင်ဆန္ဒပြကြပါသည်။ သောက်ရေခပ်မြစ်တွင် ဆောက်လုပ်ခဲ့သော ပထမရေကာတာတစ်ခု ဖြစ်သော ထိုးဘိုရေကာတာ တည်ဆောက်မှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်စေသည်။ ထို့ကြောင့် ထပ်မံတည်ဆောက်သော ဒုတိယ ရေကာတာအား ရပ်တန့် ပြီး ဒေသခံများအတွက် သွားလာရေး လွယ်ကူစေရန် တံတားဆောက်ပေးရန် တောင်းဆိုပါသည်။ *[ပုံ-KHRG]*

ရွာသားများ၏ သက်သေခံ ပြောကြားမှုများအား ပြန်လည်သုံးသပ်ချက်အရ မြေယာသိမ်းဆည်းမှုနှင့် ပတ်သက်၍ အဓိက အကြောင်းရင်း လေးခုကို ဤအစီရင်ခံစာတွင် ဖော်ပြထားပါသည်။ ၎င်းတို့မှာ (၁) လမ်း၊ တံတား၊ ရေကာတာနှင့် အခြား ဆောက်လုပ်မှုများပါဝင်သော အခြေခံ အဆောက်အအုံဆိုင်ရာ လုပ်ငန်းများ၊ (၂) ရွှေ၊ ကျောက်နှင့် အခြား တွင်းထွက်ပစ္စည်းများနှင့် သတ္တု တူးဖော်မှုများပါဝင်သော သဘာဝ သယံဇာတ တူးဖော်ရေး လုပ်ငန်းများ၊ (၃)ဈေးကွက်စီးပွားရေးအတွက်ရာဘာ၊ ကျွန်း၊ ဆီအုန်းနှင့် အခြား စိုက်ပျိုးသီးနှံများ စသည့် စိုက်ပျိုးရေး လုပ်ငန်းများ နှင့် (၄) စစ်ဘက်ဆိုင်ရာ အသုံး ပြုမှုအတွက် မြေယာသိမ်းယူခြင်းများဖြစ်ကြပါသည်။

ရွာသားများမှ မြေယာသိမ်းယူမှုများကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက် အများအပြားကို ဖော်ပြထားပြီး အများစုမှာ အသက်မွေးဝမ်းကြောင်း အလုပ်အကိုင် ဆုံးရှုံးခြင်း၊ သဘာဝ ပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးခြင်း၊ ရွှေ့ပြောင်း နေထိုင်ခြင်း နှင့် ကျန်းမာရေးထိခိုက်မှုများ ဖြစ်သည်။ ဤအကျိုးဆက်များသည် ရွာသားများခံစားနေရသော အခက်အခဲများဖြစ်ပြီး များသောအားဖြင့် ရှေ့ဆင့်နောက်ဆင့် ဖြစ်လေ့ရှိသည်။ မြေယာသိမ်းယူမှုများကြောင့် ဝင်ငွေအခွင့်အလမ်းနှင့် အလုပ်အကိုင်များ ဆုံးရှုံးခြင်း၊ ထင်းနှင့် အဆောက်အဦးဆောက်လုပ်ရန် သစ်ဝါးများ၏ အဓိက အရင်းအမြစ်ဖြစ်သော ပြည်သူပိုင် သစ်တောများ ဆုံးရှုံးခြင်း၊ ရေကြီးမှုကြောင့် ယာမြေများနှင့် စားကျက်မြေများ ပျက်စီးခြင်း၊ ရေထုညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်လာသော ရေရှားပါးခြင်း။ အရေပြား နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ဖြစ်ပွားခြင်း၊ အိမ်မဲ့ယာမဲ့များ ဖြစ်လာခြင်းနှင့် စီးပွားရေး အပြောင်းအလဲများ ဖြစ်ပေါ်လာကြောင်းကို ရွာသားများမှ တင်ပြထားသည်။


လုပ်ငန်းစဉ်များ လာရောက်လုပ်ကိုင်ရာတွင် ရွာသားများနှင့် ကြိုတင် တိုင်ပင်ဆွေးနွေးမှုများ မရှိသည့်အပြင် ဆုံးရှုံးမှုများအတွက်လည်း လျော်ကြေးပေးမှုများ မရှိကြောင်းကို ရွာသားများမှ ထပ်ခါထပ်ခါ တင်ပြခဲ့ကြသည်။ ကြိုတင်တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့လျှင်လည်း ၎င်းတို့၏ စိုးရိမ်ပူပန်မှုများမှာ လျစ်လျူရှုခံကြရပြီး ၎င်းတို့၏ ကြိုတင်တိုင်ပင်ဆွေးနွေး မှုများတွင် ပါဝင်ဆွေးနွေးမှု မပြုလုပ်နိုင်ကြချေ။ လျော်ကြေးငွေပေးအပ်သည့် အခါတွင်လည်း လုံလောက်မှုမရှိခြင်း၊ သို့မဟုတ် ပေးအပ်ရန် ကျန်ရှိ နေခြင်းများရှိသည်။ မြေယာသိမ်းဆည်းမှု ဖြစ်ရပ်အများစုတွင် ရွာသားများအား လျော်ကြေးငွေ ပေးမည့်အစား ၎င်းတို့ မြေယာများပြန်လည် လုပ်ကိုင်ရန်အတွက် မြေယာသိမ်းဆည်းသူထံမှ မြင့်မားသော ဈေးနှုန်းဖြင့် မြေယာများကိုပြန်လည် အငှားချလျက်ရှိသည်။
ပုံစံမျိုးစုံနှင့် ဖြစ်ပေါ်လျက်ရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိနေသော်လည်း ရွာသားများမှာ စီမံကိန်း လုပ်ငန်းစဉ် များမှဖြစ်ပေါ် လာမည့် အကျိုးဆက်များအား ကာကွယ်ရန် နှင့် သက်သာရာ ရစေရန် တစ် ဦးချင်းစီသော်လည်းကောင်း အဖွဲ့အစည်း နှင့်သော်လည်းကောင်း နည်းလမ်းမျိုးစုံသုံး ပြီးလုပ်ဆောင် လျက်ရှိကြောင်း တင်ပြခဲ့ကြပါသည်။

ရွာသားများသည် ဒေသတွင်းရှိ လူမှုအဖွဲ့အစည်းများနှင့် သတင်းမီဒီယာများသို့ တင်ပြခြင်း၊စီမံကိန်း လုပ်ငန်းစဉ်များအား လုပ်ကိုင်လျက်ရှိသော တာဝန်ရှိသူများနှင့် ဆွေးနွေးတိုင်ပင် ညှိနှိုင်းခြင်း၊ မြန်မာအစိုးရနှင့် လက်နက်ကိုင်များအား စည်းရုံးလှုံ့ဆော်ခြင်းနှင့် ၎င်းတို့၏ မြေများအား မှတ်ပုံတင်ခြင်း သို့မဟုတ် တိုင်ကြားစာများ ပေးပို့ခြင်းများအား ပြုလုပ်လျက်ရှိသည်။ ထို့အပြင် ယခင် အစီရင်ခံစာ ရေးသားခဲ့သော ၂၀၁၁ ခုနှစ် ဇန်နဝါရီလ နှင့် ၂၀၁၂ ခုနှစ် နိုဝင်ဘာလအကြား ကာလနှင့် နှိုင်းယှဉ်ပါက ဤအစီရင်ခံစာ ရေးသားနေသည့် ကာလတစ်လျှောက်တွင် ရွာသားများမှ မြေယာများအား ကာကွယ်ရန်နှင့် ပြန်လည်ရရှိရန်အတွက် နည်းလမ်းမျိုးစုံ အသုံးပြုနေကြောင်းနှင့် ဆက်လျဉ်းသည့် အစီရင်ခံစာများကို ကရင်လူ့အခွင့်အရေးအဖွဲ့မှ ပိုမိုတိုးပွား လက်ခံရရှိလာပါသည်။

## အစီရင်ခံစာ၏ အခြေခံ အကြောင်းရင်းများ

ဤအစီရင်ခံစာ၏ ရည်မှန်းချက်မှာ မြေယာသိမ်းဆည်းမှု အပေါ် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိရွာသားများ၏အမြင်သဘောထားနှင့် ဒေသခံများ၏ ပြန်လည် တုံ့ပြန်မှုများကို တင်ပြရန် ဖြစ်သည်။ အစီရင်ခံစာသည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ မှ စတင်၍ ရွာသားများ၏ သက်သေခံတင်ပြမှုများတွင် ယခင်က ဖော်ပြထားသော မြေယာသိမ်းဆည်းမှုနှင့် ပတ်သက်သည့် ဖြစ်စဉ်များ ဆက်လက်ဖြစ်ပေါ်နေမှုနှင့် အသစ်သော ဖြစ်စဉ်များလည်း ဖြစ်ပေါ်နေလျက် ရှိကြောင်းကို မီးမောင်းထိုး တင်ပြလိုခြင်း ဖြစ်သည်။ ဤအစီရင်ခံစာတွင် ပါရှိသည့် သက်သေခံ တင်ပြချက်များမှာ မြန်မာပြည် အရှေ့တောင်ပိုင်းရှိ ရွာသားများထံမှတိုက်ရိုက် လာသော ဘဝနှင့်ရင်းပြီး ဖော်ပြထားသည့် သက်သေခံ တင်ပြချက်များ ဖြစ်သည်။ ထို့ကြောင့် ဤအစီရင်ခံစာ တင်ပြမှုအား ကမ္ဘာတစ်ဝှမ်းသို့ ဖြန့်ချီပေးခြင်းဖြင့် ပြည်တွင်းပြည်ပရှိ လုပ်ငန်းဆောင်ရွက်နေသူများအတွက် ၎င်းတို့၏မြေယာသိမ်းဆည်းမှုများမှ ဖြစ်ပေါ်သော အကျိုးဆက်များကြောင့် ရွာသားများ မည်ကဲ့သို့ ခံစားလျက်ရှိကြောင်းကို ပိုမို သိရှိစေနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် ၂၀၁၂ ခုနှစ် ပဏာမ အပစ်အခတ် ရပ်စဲရေး သဘောတူညီမှုကြောင့် လူ့အခွင့်အရေး ချိုးဖောက်မှုပုံစံများ ပြောင်းလဲလာသော်လည်း မြေယာသိမ်းဆည်းမှုမှာ လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားစဉ် ကာလမှ စတင်၍ ငြိမ်းချမ်းရေး ကာလသို့ရောက်ရှိသည့်တိုင် ဒေသအား ဆက်လက် ထိခိုက်နစ်နာစေသည့် အရေးကြီးသော အချက်တစ်ချက် အဖြစ် ကျန်ရစ်လျက်ရှိသည်။ ထို့ကြောင့် မြန်မာပြည် အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအား ကာကွယ်ရန်နှင့် မြှင့်တင်ရန်အတွက် မြေယာပိုင်ဆိုင်ခွင့်နှင့် မြေယာသိမ်းဆည်းမှုနှင့် သက်ဆိုင်သည့် ကိစ္စရပ်များအား မြန်မာအစိုးရနှင့် ကရင်အမျိုးသား အစည်းအရုံးအကြား အနာဂတ်တွင် ထားရှိကြမည့် သဘောတူညီမှုများတွင် အတူတကွ သဘောတူညီလျက် ဆွေးနွေး ဖြေရှင်းရန် အလွန် အရေးကြီးသည်။


ဒေသအတွင်းသတ်မှတ်ထားသော ကရင်ခရိုင်နှင့်
အစိုးရသတ်မှတ်ထားသော ကရင်ပြည်နယ်
N
W
E
S
တောင်ငူ
ခရိုင်
ညောင်လေးပင်
ခရိုင်
ပဲခူးတိုင်း
ဒေသကြီး
ဖာပွန်
ခရိုင်
သထုံ
ခရိုင်
ဘားအံ
ခရိုင်
မွန်ပြည်နယ်
ကရင်
ပြည်နယ်
ဒူးပလာယာ
ထိုင်းနိုင်ငံ
တနင်္သာရီတိုင်း
ဒေသကြီး
မုတ္တမပင်လယ်
ထားဝယ်
ခရိုင်
Legend
ဒေသအတွင်း သတ်မှတ်ထားသော ကရင်နယ်နိမိတ်
အစိုးရသတ်မှတ်ထားသော ကရင်နယ်နိမိတ်
နိုင်ငံတကာနယ်နိမိတ်
0 65 130 260 Miles
KHRG

# အသေးစိတ် ရှာဖွေ တွေ့ရှိချက်များ

## အခြေခံ အဆောက်အအုံ ဆောက်လုပ်ခြင်း

- အာရှလမ်းမကြီး အပါအဝင် လမ်းဖောက်လုပ်ခြင်းများအတွက် မြေယာသိမ်းဆည်းမှု များသည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ အရေးကြီးသော ကိစ္စရပ် တစ်ခုအဖြစ်ပေါ်ပေါက်လာ ကြောင်းကို ရွာသားများမှ တင်ပြထားသည်။ အထူးသဖြင့် ဒူးပလာယာ ခရိုင်တွင် ဖြစ်ပွားခဲ့သော အဖြစ်အပျက်တစ်ခုတွင် ကရင်လူ့အခွင့် အရေး အဖွဲ့ မှ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ မှ ၂၀၁၅ ခုနှစ် ဇန်နဝါ ရီလအတွင်း အစီရင်ခံစာ အမြောက် အများ လက်ခံရရှိခဲ့သည်။
- ရေကာတာဆောက်လုပ်ရန်အတွ က်မြေယာသိမ်းဆည်းမှု သည် မြန်မာပြည် အရှေ့တောင်ပိုင်းရှိ ရွာသားများအတွက် လွန်စွာ စိုးရိမ်ရသည့် ကိစ္စရပ်တစ်ခု ဖြစ် ပါသည်။ အထူး သဖြင့် ရေကာတာဆောက်လုပ်ခြင်းကြောင့်ဖြစ်ပေါ်လာမည့်မြေယာ သိမ်းဆည်းမှုများနှင့် ယင်းဆောက်လုပ်ရေး ဧရိယာ အနီးအနား ရှိ ရွာများမှာ နစ်စဉ် ရေကြီးမှုများကြောင့် စားဝတ်နေရေး အခက်အခဲများကြုံတွေ့လာနိုင်ကြောင်းဖော်ပြထားသောရွာသားများ၏ စိုးရိမ်ပူပန်မှုများအားပေါင်းစည်းတင်ပြထားသည်။ အထူးသဖြင့် ဆောက်လုပ်ရန် စီစဉ်လျက်ရှိသည့် ဟတ်ကြီးရေကာ တာ အနီးတပိုက်မှ ရွာသားများက ထိုစိုးရိမ် ပူပန်မှုများကိုဖော် ပြထား သည်။

> *"အစည်းအဝေးမှာ သူတို့ကရေကာတာ ဆောက်လုပ်ပြီးရင် လျှပ်စစ်မီးရရှိမယ်၊ဖွံ့ဖြိုးတိုးတက်လာမယ်၊ ရေလွှမ်းမိုးခံရမည့် မြေတွေအတွက်လျော်ကြေးငွေပေးမယ်လို့ပြောပါတယ်။အိမ် ဆုံးရှုံးရမယ့် သူတွေကိုလည်း ပဲခူးတိုင်း ဒေသကြီးကိုပြောင်း ရွှေ့ပေးမယ်လို့ပြောပါတယ်။ ကျွန်တော်တို့အတွက်ပြောင်း ရွှေ့ဖို့ဆိုတာကြီးမားတဲ့ပြဿနာပါ။ ပြဿနာတွေကဖြစ်မလာ သေးပါဘူး။ ဒါကြောင့် ကျွန်တော်တို့က ဒီအ တိုင်းထိုင်စောင့် ပြီး ဖြစ်လာတဲ့အရာကိုရင်ဆိုင်ရမှာပေါ့ ။"*
>
> စောC---၊ (ကျား)၊ ၅၃နှစ်၊ C--ကျေးရွာ၊ဘူးသိုမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်ယ်အရှေ့ မြောက်ပိုင်း(ဖြစ်ပြက်မှု အစီရင်ခံစာ ၂၀၁၃ ခုနှစ် ဇူလိုင်လတွင်ရရှိပါခဲ့သည်)

- ထိုကဲ့သို့ အခြေခံ အဆောက်အအုံများ ဆောက်လုပ်ခြင်းကြောင့် ရွာသားများ၏ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များနှင့် အနီးအနားရှိ သဘာဝ ပတ်ဝန်းကျင်များ ပျက်စီးစေပါသည်။ ကရင်ပြည်နယ်တွင် လမ်းဖောက်လုပ်မှုကြောင့် လယ်ယာမြေနှင့် ဥယျာဉ်ခြံ အမြောက်အများ ဆုံးရှုံးရပြီး ရေကာတာ ဆောက်လုပ်မှုများကြောင့် သဘာဝ ပတ်ဝန်းကျင် ပျက်စီးမှုများ ရှိလာပါသည်။
- လျော်ကြေးငွေ ပေးအပ်ခြင်းနှင့် ကြိုတင်ဆွေးနွေးတိုင်ပင်မှုများ မရှိခြင်းသည် အဓိက ကိစ္စရပ်များ ဖြစ်ပါသည်။ လျော်ကြေးငွေ



အထက်ဖော်ပြပါ ပုံသည် ၂၀၁၄ ခုနှစ်တွင် ကရင်ပြည်နယ်တောင်ပိုင်းရှိ ဒူးပလာခရိုင်၊ ကော့ကရိတ်မြို့နယ်၊ န---ကျေးရွာတွင်ရှိသော လယ်ယာမြေကို ဖော်ပြသည်။ ယခင်က ၎င်းလယ်မြေကိုဖြတ်၍ လမ်းဖောက်လုပ်ခဲ့ဖူးသည်။ သူးလေ ကုမ္ပဏီသည် ဤလယ်ကွင်းမှနေပြီး လမ်းဖောက်လုပ်ထားခဲ့ခြင်း ဖြစ်ပြီး ယခင်လမ်းဟောင်းနေရာတွင် ယခုထပ်မံ၍ လမ်းပြန်ဖောက်လုပ်သဖြင့် လယ်ထဲရှိ ရေမြောင်း များသည် ရေလမ်းကြောင်းပိတ်မိပြီး အနီးအနားရှိ လယ်ယာများအား ရေလွှမ်းမိုးမှုဖြစ်စေပါသည်။ *[ပုံ-KHRG]*

ပေးအပ်ရာ တွင်လည်း သတ်မှတ်ထားသည့် ပမာဏ ထက် နည်း ပါး ခြင်းသို့မဟုတ် ရွာသားများမှ ရရှိမည့် လျော်ကြေးငွေ များကို စောင့်စားနေရဆဲ ကာလတွင် ရှိသည်။ ကြိုတင် ဆွေး နွေးတိုင်ပင် မှုများ ပြုလုပ်ရာ တွင်လည်း ရွာသားများမှ ကန့်ကွက်သော်လည်းထိုလုပ်ငန်းစဉ်မျ ားအားငင်း တို့စီစဉ်ထား သည့်အတိုင်းဆက်လက်လုပ်ကိုင်လျ က်ရှိသောကြောင့် ဆိုးရွား သောအကျိုးဆက်အားဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ပေါ် ပေါက်လျက်ရှိ သည်။

## သဘာဝ သယံဇာတများ တူးဖော်ခြင်း

- ရွှေတူးဖော်ခြင်းလုပ်ငန်းသည် သဘာဝ သယံဇာတ တူးဖော် ထုတ်လုပ်ခြင်း ကြောင့် မြေယာသိမ်းဆည်းမှု ဖြစ်ပွားစေသော အဓိက လုပ်ငန်းတစ်ရပ်အဖြစ် တိုးမြှင့် ဖော်ပြခံရလျက်ရှိသည်။ ဖာပွန်ခရိုင် ဒွယ်လိုမြို့နယ်မှ ပေးပို့ထားသည့် သဘာဝ သယံဇာတ တူးဖော်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် မြေယာသိမ်းဆည်းမှုနှင့် ဆိုင်သည့် အစီရင်ခံစာတွင် အထူးသဖြင့် တွေ့ရှိနိုင်သည်။
- သဘာဝ သယံဇာတများ တူးဖော်မှုများ အထူးသဖြင့် ရွှေတူး ဖော်မှုများကြောင့် မြစ်အတွင်းသို့ ဓါတုပစ္စည်းများ စွန့်ပစ်ခြင်း၊ မြေတိုက်စားခြင်း ကဲ့သို့သော သဘာဝ ပတ်ဝန်းကျင် ပျက်စီး ဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါသည်။ ရွာသားများသည် ၎င်းတို့၏ အနီးအနားရှိ သဘာဝ ပတ်ဝန်းကျင်ကို အဓိကထား အမှီသဟဲ ပြုနေရခြင်းကြောင့် သဘာဝ ပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးမှုနှင့် အသက်မွေးဝမ်းကျောင်းနှင့် ဆိုင်သည့် အခက်အခဲများကို ပူးတွဲ ခံစားရလျက်ရှိပါသည်။
- ရွာသားများမှ သဘာဝ သယံဇာတ တူးဖော်မှုများအတွက်





အထက်ဖော်ပြပါ လက်ဝဲဘက်မှ ပုံသည် ၂၀၁၃ခုနှစ် ဇန်နဝါရီလ ၃၁ရက်၊ မွန်ပြည်နယ် တောင်ပိုင်း၊ ဘီးလင်းမြို့နယ်၊ ဂ---ကျေးရွာမှ ရွှေတူး ဖော်ရာ နေရာတွင် ရိုက်ယူခဲ့ပါသည်။ ရွှေတူးဖော်ရာ နေရာကို မြဖူးကုမ္ပဏီ ပိုင်ရှင် ဦးမြဖူးမှ ပိုင်ဆိုင်ပြီး ၄ ရွှေတူးဖော်ခြင်းလုပ်ငန်း ကို ၂၀၀၉ ခုနှစ်တွင် စတင်ခဲ့သည်။ ၂၀၁၂ခုနှစ်တွင်လည်း တရုတ်နိုင်ငံမှ လာသော ၄ ရွှေတူးဖော်သည့် ၄ လု ၇ စင်းသည်လည်း ကရင် အမျိုးသား လွတ်မြောက်ရေး တပ်မတော်နှင့် အကျိုးတူပူးပေါင်းပြီး အလားတူ ရွှေတူးဖော်ရာနေရာတွင် ရောက်ရှိခဲ့ဖူးသည်။ လက်ယာဘက်မှ ပုံသည် ၂၀၁၃ခုနှစ် ဧပြီလ ၂၂ ရက်၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်းတွင် ရိုက်ယူခဲ့ပါသည်။ ၎င်းသည် ဦးရဲထွန်း ပိုင်ဆိုင်သော ကုမ္ပဏီတစ်ခုမှကျောက်ကြီး မြို့နယ်နှင့်မုန်းမြို့နယ်တွင် ဖယ်ယူခဲ့ကြသော သစ်တုံး များကိုပြထားပါသည်။ ရွာသူရွာသားများအနေဖြင့် ထိုသစ်တုံးများ ထုတ်လုပ်ရာ နေရာများတွင် ယခင်က ကြိုးစား၍ ကာကွယ်ခဲ့ဖူးသည်။ *[ပုံ-KHRG]*

အဓိက တာဝန်ရှိသူများအဖြစ် မြန်မာနိုင်ငံမှ ပုဂ္ဂလိကပိုင် ကုမ္ပဏီများနှင့် ပုဂ္ဂလိကကြွယ်ဝချမ်းသာ သူများအား ဖော်ပြထားပြီး မကြာခဏဆိုသလို လက်နက်ကိုင်များနှင့် မြန်မာအစိုးရ ဝန်ထမ်းများပါ ပါဝင် ပတ်သက်နေကြောင်း ဖော်ပြထားသည်။

*"ရွှေတူးဖော်သူများသည် ဓာတုဗေဒဆေးရည်များကိုလွန်စွာ အသုံးပြုသောကြောင့် ရွာသူရွာသားများသည် မြစ်ချောင်း များမှ ရေ ကို သောက်သုံးရန်မတတ်နိုင်ဖြစ်ရပါသည်။သောက် သုံးမိပါက ရောဂါရမည်ကို ကြောက်ရွံ့သောကြောင့်မ သောက်သုံးရဲပါ။ ရေထုညစ်ညမ်းခြင်းသည် ကျွန်တော်တို့အ တွက်သာမက ငါးပုဇွန်ကျွဲနှင့် နွားများ အတွက်လည်း အန္တရာယ်ဖြစ်စေပါသည်။တိရစ္ဆာန်များ၌ညစ်ညမ်းသောရေ ကိုသောက်သုံးခြင်းဖြင့် ရောဂါရရှိပြီးသေဆုံးရပါသည်။"*

KHRG ကွင်းဆင်းလုပ်သား တစ်ဦးမှ ရေးသား ထားသော နယ်မြေဒေသအခြေအနေ၊ ဒွဲလိုမြို့နယ်၊ ဖာပွန်ခရိုင်/ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း (၂၀၁၃ နိုဝင်ဘာလ-၂၀၁၄ ဖေဖော်ဝါရီလ)

- ကိစ္စရပ် အများစုတွင် ရွာသားများသည် သိမ်းဆည်းခံမြေများ အတွက် လျော်ကြေးငွေအနည်းအကျဉ်းသာ ရရှိခြင်း သို့မဟုတ် လျော်ကြေးငွေ လုံးဝ မရရှိကြောင်း ဖော်ပြထားသည်။ကိစ္စရပ် အနည်းငယ်တွင်ရွာသားများအား မြေယာသိမ်းဆည်းမှု မပြုလုပ်မီ ကြိုတင်အသိပေးညှိနှိုင်းခြင်းများ ပြုလုပ်ကြောင်း ဖော်ပြထားသည်။ ရွာသားများအား ၎င်းတို့၏ မြေများကို ပေးအပ်ရန်အတွက် အဓမ္မလက်မှတ်ထိုးစေခဲ့ကြောင်းကို ဖြစ်စဉ်တစ်ခုတွင် ဖော်ပြထားသည်။

## စိုက်ပျိုးရေး လုပ်ငန်းများ

- စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရွာသားများထံမှ သိမ်းယူထား သောမြေယာများအား ကျွန်းစိုက်ရန်၊ ကွမ်းပင်စိုက် ရန်နှင့် ဖာလာစိုက်ရန်အတွက် အသုံးပြု သော်လည်း ရာဘာ စိုက်ပျိုး ခြင်းတွင် အဓိက အသုံးပြုကြောင်း ဖော်ပြထား ပါသည်။

- စိုက်ပျိုးရေး လုပ်ငန်းများအတွက် အဓိကမြေယာသိမ်းဆည်း သူများမှာ မြန်မာအစိုးရ၊ ကရင်နယ်ခြားစောင့်တပ်နှင့် တသီး ပုဂ္ဂလ စီးပွားရေး လုပ်ငန်းရှင်များဖြစ်ပါသည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် စီးပွားရေးလုပ်ငန်းများအတွက် အစိုးရ သို့မဟုတ်အစိုးရမှ ကျောထောက်နောက်ခံ ပံ့ပိုးပေးထားသော လက်နက်ကိုင် တပ်ဖွဲ့များနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ ပူးပေါင်း ဆောင်ရွက်ခြင်းများဆက်လက်ဖြစ်ပေါ်နေသော ကိစ္စ ရပ်အဖြစ်တင်ပြထားကြပါသည်။

*"မြေမရှိသည့် ဆင်းရဲတဲ့သူတွေနဲ့ တောင်ယာလုပ်စားနေတဲ့ သူတွေ လုပ်ကိုင်စားသောက်ဖို့ မြေမရှိတော့ဘူးလို့ ပြောလို့ ရတယ်၊ ဘာလို့လဲဆိုတော့ ဒေသထဲမှာ လက်နက်ကိုင် အာဏာပိုင်တွေက အများကြီးပဲ၊ ပြီးတော့ စစ်သားတွေနဲ့ ရွာ သားအချို့ ပူးပေါင်းပြီး မြေတွေကို တစ်ခြားဒေသက လာတဲ့ ချမ်းသာကြွယ်ဝတဲ့ သူတွေဆီသို့ ရောင်းလိုက်ကြတယ် ဒါနဲ့ ချမ်းသာတဲ့သူတွေကမြေပေါ်မှာရာဘာပင်ပြန်စိုက်ကြတယ်။*

KHRG ကွင်းဆင်းလုပ်သား တစ်ဦး၏ နောက်ဆုံးရ ဒေသတွင်းအခြေအနေတင်ပြချက်၊ ကျုံဒိုးမြို့နယ်၊ ဒူးပလာယာခရိုင်/ကရင်ပြည်နယ်တောင်ပိုင်း (ဖေဖော်ဝါရီလ ၂၀၁၄) ဇူလိုင်လတွင်ရရှိပါခဲ့သည်)



အထက်ဖော်ပြပါပုံကို ၂၀၁၄ ခုနှစ် ဧပြီလ ၁၉ရက်၊ ကရင်ပြည်နယ်အရှေ့တောင်ပိုင်းရှိ ဘူးသိုမြို့နယ်၊ မယ်ကလောကျေးနယ်တွင် ရိုက်ယူခဲ့သည်။ ထိုပုံသည် တပ်မတော် လက်နက်ခဲယမ်းတပ်စု အမှတ် ၆၄၂၏ စခန်းခြံစည်းရိုး ပြုပြင်မွမ်းမံခြင်းနှင့် စခန်းချဲ့ထွင်ခြင်းကိုပြသည်။ အကျိုးဆက်အနေဖြင့် ၂၈ကေခန့်ရှိသော စော အ---၏လယ်ယာမြေသည်သိမ်းဆည်းခြင်းခံခဲ့ရသည်။ *[ပုံ-KHRG]*

- သိမ်းဆည်းခံ ရသော မြေယာများသည် အဓိကအားဖြင့် တစ်ဦးချင်းပိုင်မြေ သို့မဟုတ် အများပိုင် မြေများဖြစ်သည်။ သစ်တောကြိုးဝိုင်းများနှင့် ဓလေ့ထုံးတမ်းအရ ထားရှိသော အများပိုင် မြေများသည် အသိမ်းဆည်း မခံရမီ များသောအားဖြင့် မြေလွတ်မြေရိုင်းများအဖြစ် တဖန် ပြန်လည် သတ်မှတ်ခြင်း ခံရလေ့ရှိသည်။

- စိုက်ပျိုးရေးအတွက် မြေယာသိမ်းဆည်းမှုများကြောင့်ရွာသားများတင်ပြသည့်ဖြစ်ပေါ်လာသော အဓိက အကျိုးဆက်မှာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်ပါသည်။ယခု အစီရင်ခံစာ ရေးသားနေစဉ် ကာလအတွင်းတွင် ဖော်ပြထားသည့် အသစ်ဖြစ်ပေါ်လာသော ကိစ္စရပ်တစ်ခုမှာ မြေယာ သိမ်းဆည်းမှုများကြောင့် ထင်းနှင့် ဆောက်လုပ်ရေး ပစ္စည်းများ နည်းပါးသွားခြင်းပင် ဖြစ်ပါသည်။


## စစ်ဘက်ဆိုင်ရာအသုံးပြုရန်အတွက် မြေယာသိမ်းဆည်းခြင်း

- စစ်ဘက်ဆိုင်ရာ အသုံးပြုမှုအတွက် မြေယာများ သိမ်းယူခြင်းတွင် တပ်စခန်း အသစ်များ ဆောက်လုပ်ခြင်း၊ တည်ရှိ ဆဲ တပ်စခန်းများကို တိုးချဲ့ ခြင်းနှင့် စစ်သားများနှင့် ၎င်းတို့၏ မိသားစုများအတွက် အိမ်ယာတည်ဆောက်ပေးခြင်းနှင့်စစ်ဘက်ဆိုင်ရာ အသုံးစရိတ်အတွက် မြေယာသိမ်းဆည်းမှုများ ရှိ ကြောင်း တွေ့ရှိရသည်။

*"ကျွန်တော်တို့ အနေနဲ့ ကျွန်တော်တို့ရဲ့ လယ်တွေထဲ မှာ လယ်မလုပ်ရဲတော့ဘူး။ တကယ်လို့ လယ်ထဲဆင်းခဲ့ရင် သူတို့က ကျွန်တော်တို့ကို ပစ်ခတ်လိမ့်မယ်။ လယ်ရဲ့ အထက်ပိုင်းမှာရှိတဲ့ မြေတွေက စပါးစိုက်ဖို့အတွက် မြေဆီလွှာအရမ်း ကောင်းပေမယ့် ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့တွေ အတွက် သူတို့နေဖို့အဲဒီမှာ အိမ်တွေဆောက်လိုက်တယ်။ အဲဒါကြောင့် ကျွန်တော်တို့ အဲဒီမြေပေါ်မှာ လုပ်စားလို့ မရတော့ဘူး။ ကျွန်တော်တို့ ရွာသားတွေက ကြောက်ရွံ့မှုတွေနဲ့ပဲ အသက်ရှင်နေရတယ်။"*

မောင် အ --- (ကျား၊ ၄၂ နှစ်) ဘ --- ကျေးရွာ၊
ကော့က ရိတ်မြို့နယ်၊ဒူးပလာယာ ခရိုင်/
ကရင်ပြည်နယ် တောင် ပိုင်း။
(၂၀၁၄ ခုနှစ် ဩဂုတ်လ တွင်တွေ့ဆုံမေးမြန်းခဲ့သည်)

- အစိုးရနှင့် အစိုးရမှ ကျောထောက်နောက်ခံ ပံ့ပိုးပေးထားသော လက်နက်ကိုင် တပ်ဖွဲ့များအား မြေသိမ်းမှုတွင် အဓိကတရားခံများအဖြစ် ဖော်ပြခံထားရလျက်ရှိသည်။ ထိုအထဲတွင် တပ်မတော်၊ ကရင်နယ်ခြားစောင့်တပ်များ နှင့် ကရင်ငြိမ်းချမ်းရေး တပ်ဖွဲ့များလည်း ပါဝင်ပါသည်။
- မြေယာသိမ်းဆည်းမှု ဖြစ်ရပ်အများစုတွင် ရွာသားများသည် မြေယာသိမ်းဆည်းခြင်း မခံရမီ ကြိုတင် အသိပေး တိုင်ပင်ခြင်းမခံရကြောင်းနှင့် ဖြစ်ရပ်တစ်ခုတွင် ရွာသူရွာသားများသည် လက်နက်ကိုင် တပ်ဖွဲ့ဆီသို့ မြေယာလွှဲပြောင်းပေးရန်အတွက် သဘောတူညီချက် လက်မှတ် ရေးထိုးပေးရန်အကွက်ကျကျ လိမ်လည်လှည့်ဖျား ခြင်းခံခဲ့ရပါသည်။
- ဤအစီရင်ခံစာ ရေးသားသည့် ကာလတစ်လျှောက်တွင်၂၀၁၂ ခုနှစ် ဒီဇင်ဘာလ မတိုင်မီက သိမ်းဆည်းခံထားရသောမြေယာများကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးများ အကြောင်း ကို ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဆက်လက် လက်ခံရရှိလျက်ရှိပါသည်။ ဤသည်ကား လွန်ခဲ့သော ရာစု နှစ်များကတည်းက တပ်မတော်မှ ကျူးလွန်ခဲ့သည့် မြေယာသိမ်းဆည်းမှုများ ဆက်လက်ဖြစ်ပေါ်နေသည်ကို ဖော်ပြနေခြင်းပင်ဖြစ်ပါသည်။



အထက်ဖော်ပြပါပုံကို ၂၀၁၃ခုနှစ် အောက်တိုဘာလ ၂၀ရက် နေ့စွဲဖြင့် တိုင်ကြားစာတစ်စောင်ကိုပြသည်။ ၎င်းသည် ကရင်ပြည်နယ်တောင်ပိုင်းနှင့် အလယ်ပိုင်းရှိ လယ်မြေအသိမ်းဆည်းခံခဲ့ရသော ရွာသူရွာသားများ၏ အမည်များကို စာရင်းပြုစုထားသည်။ ၎င်းတိုင်ကြားစာကို ကရင်နယ်ခြားစောင့်တပ်၏တပ်ရင်း အမှတ် ၁၀၂၂မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဆီသို့ပေးပို့သည်။ ၎င်းစာထဲတွင် ကရင်နယ်ခြားစောင့်တပ်၏တပ်ရင်း အမှတ် ၁၀၂၂မှ တပ်ရင်းမှူး ဗိုလ်မှုတ်သုံမှ စစ်ဘက်ရေးရာတွင် အသုံးပြုရန်အတွက် ၁,၀၀၀ ဧကခန့်ရှိသော ရွာသူရွာသားများ၏ မြေယာများကို သိမ်းဆည်းခဲ့ခြင်းအကြောင်းကို စွပ်စွဲရေးထားသည်။ ၎င်း၏ကိုယ်ရေးကိုယ်တာတွင် သုံးစွဲရန်အတွက်လည်း ရွာသူရွာသားများဆီမှ နောက်ထပ်မြေဧကပေါင်း ၆၄၂ ဧကကျော်ကိုလည်းသိမ်းယူခဲ့ပြီး ရွာသူရွာသားများကိုလည်း ဤကဲ့သို့ခြိမ်းခြောက်ပြောဆိုခဲ့သည်။ "နင်တို့မြေယာကို ပြန်ရချင်ရင် နင်တို့ ကရင်နယ်ခြားစောင့်တပ်မှာ လာစစ်မှုထမ်းဆောင်ရမယ်။ မဟုတ်လို့ရှိရင် နင်တို့မြေယာတွေအတွက် တရားဥပဒေနဲ့ရင်ဆိုင်ဖြေရှင်းရမယ်။ ငါ နင်တို့မြေယာတွေကို သိမ်းယူတာ မကြိုက်ဘူးဆိုလို့ရှိရင် ငါ နင်တို့ကို ထောင်ထဲထည့်လိုက်မယ်။" *[ပုံ-KHRG]*

## ရွာသားများ၏ တုံ့ပြန်မှုနည်းဗျူဟာများ

- ၂၀၁၁ ခုနှစ် နှင့် ၂၀၁၂ခုနှစ် အတွင်းပြုစုထားသော ယခင်မှထုတ်ပြန်ခဲ့သည့် အစီရင်ခံစာနှင့် နှိုင်းယှဉ်ရပါလျှင် အမျိုးမျိုးသော ဒေသခံရွာများ၏ တုံ့ပြန်မှုကြိမ်နှုန်းပမာဏများ တိုးပွားလာသည်ကို တွေ့ရှိရပါသည်။ တရားဝင်မြေယာမှတ်ပုံတင်ခြင်းနှင့် လူထုအခြေပြုအဖွဲ့အစည်းများဆီသို့ ချဉ်းကပ်ခြင်းများသည် ရွာသူရွာသားများ၏ အသုံးပြုနေသည့် နည်းဗျူဟာအဖြစ် ပေါ်ထွက်လာစဉ်တွင် လက်နက်ကိုင်တပ်ဖွဲ့များအား ညှိနှိုင်းတိုင်ပင်ခြင်းနှင့် စည်းရုံးပြောဆိုခြင်းများ ပိုမိုတိုး ၍ လုပ်ဆောင်လာကြောင်း ဖော်ပြထားသည်ကိုလည်း တွေ့ရှိရပါသည်။
- မြေယာသိမ်းဆည်းခြင်း အဖြစ်အပျက် အချို့တွင် လက်နက်ကိုင်များနှင့် ညှိနှိုင်းဆွေးနွေးခြင်းသည် စီမံကိန်း လုပ်ငန်းများ မဖြစ်မြောက်စေရန် တားမြစ်ရပ်တန့်စေခဲ့သည်။ သို့သော် များသောအားဖြင့် ရွာသားများသည် ထိုကဲ့သို့ ထုတ်ဖော်ပြောဆိုမှုများကြောင့် အကြမ်းဖက် ခြိမ်းခြောက် မှုများနှင့် အသက်အန္တရာယ် ထိခိုက်မှုများ ကြုံတွေ့ခဲ့ကြရသည်။
- ရွာသားများသည် လက်နက်ကိုင် အဖွဲ့များ အထူးသဖြင့် ကရင်အမျိုးသား အစည်းအရုံး (သို့) ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်မှ ၎င်းတို့ အုပ်ချုပ်သည့် နယ်မြေအတွင်း ချိုးဖောက်မှုများနှင့် ပတ်သက်၍ ဆောင်ရွက်ရန် စည်းရုံးလှုံ့ဆော်ခြင်းများ ပြုလုပ်ကြောင်း တင်ပြခဲ့ကြသည်။ အချို့သော ဖြစ်ရပ်များတွင် လက်နက်ကိုင်များ ပါဝင် လာမှုကြောင့် စီမံကိန်းလုပ်ငန်းများ ကာကွယ် ရပ်တန့်နိုင်ခဲ့ပါသည်။

# အကြံပြုတင်ပြချက်များ

## ဆွေးနွေးတိုင်ပင်ခြင်းနှင့် သဘောထားရယူခြင်း

- ရွာသားများသည် ၎င်းတို့၏အကျိုးစီးပွားနှင့် ၎င်းတို့စားဝတ်နေရေးအပေါ် သက်ရောက်မည့်ဖွံ့ ဖြိုးတိုးတက်မှု၏ဆိုး ကျိုးများအတွက် အဓိကဆုံးဖြတ်ကြရမည့်သူများ ဖြစ်သောကြောင့် ဖွံ့ဖြိုးရေး စီမံကိန်းများကို စတင်ရေးဆွဲ သည်နှင့်တစ်ပြိုင်နက် ဒေသခံပြည် သူများကိုခေါ်ယူတွေ့ဆုံကာ လုပ်ဆောင်မည့်စီမံကိန်းသည် ဒေသခံများ၏ မြေယာနှင့်စားဝတ်နေရေးအပေါ် မည်ကဲ့သို့သက် ရောက်မှုရှိ နိုင်ကြောင်း စသည့် သတင်းအချက်အလက်များ ပွင့်လင်းမြင်သာစွာ ထုတ်ဖော်ရှင်းလင်းတင်ပြရပါမည်။ လုပ်ဆောင်မည့်စီမံကိန်း၏ အရွယ်အစား၊ အကျယ်အဝန်း၊ ပေးဆောင်မည့်လျော်ကြေးငွေပမာဏနှင့် စီမံကိန်းအား အကောင်အထည်ဖော်မည့်နည်းလမ်းများ စသည့်အချက်အလက်များအတွက် ဆုံးဖြတ်ချက်ချရာတွင် ရွာသားများကိုပါ ပါဝင်စေရန် အခွင့်အရေး ပေးသင့်ပါသည်။ စီမံကိန်းလုပ်ဆောင်မည့်သူများ မှ လည်း လုပ်ငန်းအတွက်ဆုံးဖြတ်ချက်ချရာတွင် ရွာသားများ၏အမြင် ရှုထောင့်နှင့်သဘောထားများကိုဦးစားပေးထည့်သွင်းစဉ်းစားသင့်ပါသည်။

- စီမံကိန်းလုပ်ဆောင်မည့်သူများသည် စီမံကိန်းမစတင်မီ လုပ်ဆောင်မည့်စီမံကိန်း၏ သဘာဝပတ် ဝန်းကျင်အပေါ်၊ ဒေသခံ လူထု၏ကျန်းမာရေးနှင့်လူ့အခွင့်အရေးအပေါ် မည်ကဲ့ သို့အကျိုးသက်ရောက်နိုင်သည်ကို စစ်တမ်းကောက် ယူရာတွင် သီးခြားလွတ်လပ်သောအဖွဲ့မှ လုပ်ဆောင်သင့်ပြီး စစ်တမ်းကောက်ယူမည့်သူများသည်လည်း ဒေသခံများနှင့်တွေ့ဆုံဆွေးနွေးတိုင်ပင်ရပါမည်။ ထို့နောက် ကောက်ယူရရှိ သောစစ်တမ်းပါ အချက်အလက်များကို လူတိုင်းသိရှိစေရန် ဒေသခံလူထု၏ ဘာသာစကားဖြင့် ထုတ်ဝေဖြန့်ချီပေးရမည်ဖြစ်ပါသည်။

## ဓလေ့ရိုးရာအစဉ်အလာအရ မြေယာအသုံးပြုခွင့်နှင့် နိုင်ငံတော်၏ မြေယာအသုံးပြုခွင့် မူဝါဒ

- နိုင်ငံတော်အစိုးရအနေဖြင့် ၎င်းတို့၏မြေယာအသုံးပြုခွင့်မူဝါဒနှင့် ဥပဒေများသည် လက်ရှိ တောင်သူ များကျင့်သုံးနေသော မြေယာပိုင်ဆိုင်ခွင့်ထုံးစံများကိုအကာ ကွယ်ပေးနို င်ရန်လုပ်ဆောင်သင့်ပါသည်။ ထို့အပြင်ဒေသခံရွ ာသားများသည်ဘိုးစဉ်ဘောင်ဆက်လက်ဆင့်ကမ်းခဲ့ သော နည်းဖြင့်လည်းကောင်း၊ ကိုလိုနီခေတ်နှင့် ဒေသတွင်းအာဏာပိုင်များက ချပေးထားသော မြေယာ လုပ်ပိုင်ခွင့်အထောက်အထားဖြင့်လည်းကောင်း မိမိပိုင်မြေယာများကိုပိုင်ဆိုင်ကြောင်း တင်ပြခြင်းကိုလည်း နိုင်ငံတော်အနေဖြင့် အသိအမှတ်ပြုသင့်ပါ သည်။

- မြေယာအသုံးချမှု မူဝါဒများကိုပြန်လည်ပြင်ဆင်ရေးဆွဲ ရာတွင်လည်း ပဋိပက္ခများကြောင့်နေရပ်စွန့်ခွာထွက်ပြေးနေရသူများနှင့် နိုင်ငံပြင်ပရောက်ရှိနေသောဒုက္ခ သည်များ အတွက်ပါ ထည့်သွင်းစဉ်းစားသင့်ပေသည်။

- ရွာသားအနေဖြင့် ၎င်းတို့ပိုင်ဆိုင်သောမြေယာများကို တရားဝင်မှတ်ပုံတင်ခြင်းများ ပြုလုပ်လိုသည့်အခါ တွင်လည်း အစိုးရအနေဖြင့် ပွင့်လင်းမြင်သာသောနည်းလမ်း များဖြင့်ပြုလုပ်နိုင်ရန် လုပ်ဆောင်ပေးသင့်ပါသည်။

## ဒေသတွင်းအဖွဲ့အစည်းနှင့်လူထု၏ လုပ်ဆောင်ချက်များကို ကူညီထောက်ပံ့ပေးခြင်း

- စီမံကိန်းလုပ်ဆောင်မည့်သူများသည် ေ မြေယာပြဿနာဖြေရှင်းရန်ဖွဲ့စည်းထားသော ဒေသခံရွာသားများပါဝင်သည့် အဖွဲ့အစည်းများနှင့်၎င်း ဒေသခံလူမှုအဖွဲ့အစည်း များနှင့်၎င်း တွေ့ဆုံဆွေးနွေး အကြံဉာဏ်များရယူသင့်ပါသည်။

- ဒေသခံ လူမှုအဖွဲ့အစည်းများသည်လည်း ၎င်းတို့ အချင်းချင်းမှအသိပညာ များဝေမျှပေးရန် လိုအပ်ပြီးတိုင်းပြည် တစ်ဝှမ်းလုံးရှိ လွတ်လပ်သောအဖွဲ့အစည်းများကိုလည်း ဒေသခံအဖွဲ့အစည်း များမှကူညီထောက်ပံ့ပေးရန်လိုအပ်ပါသည်။

- သတင်းမီဒီယာ များသည်လည်း မြန်မာနိုင်ငံအရှေ့တောင်ဘက်တွင် ဖြစ်ပေါ်နေသောမြေယာသိမ်းဆည်းမှုများအ ကြောင်းကို ရေးသားဖော်ပြထုတ်လွှင့်သင့်ပါသည်။ ထို့အပြင် မီဒီယာများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည်လည်း အစိုးရအနေဖြင့် လက်ရှိပြုလုပ် နေသော ပြုပြင်ပြောင်းလဲရေးတွင်မြေယာသိမ်းဆည်းခြင်းပြဿနာများ ကို အဓိကထား ထည့်သွင်းစဉ်းစားသင့်ကြောင်း အစိုးရအပေါ်အစဉ်အမြဲ ဖိအားပေး ပြောဆိုသင့်ပါသည်။

- နိုင်ငံတော်အစိုးရနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ဒေသခံလူထုအား တိုင်ကြားမှု များနှင့်ပတ်သက်၍ သော်လည်းကောင်း တရားစီရင်ရေးနှင့် ပတ်သက် ၍ သော်လည်းကောင်း သိရှိနားလည်စေရန် သင်တန်းနှင့်ပညာပေး လုပ်ငန်းများကိုဆောင်ရွက်သင့် ပါသည်။

- လက်နက်ကိုင်တပ်ဖွဲ့များဖြစ်ကြသော တပ်မတော်၊ ကရင်နယ်ခြားစောင့်တပ်ဖွဲ့များ၊ ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၊ ကရင့်အမျိုးသား အကျိုး ပြု တပ်မတော်နှင့် အခြားသော တပ်ဖွဲ့များသည် ဒေသခံပြည်သူများ၏မြေယာပိုင်ဆိုင်ခွင့်နှင့် ထွန်ယက်စိုက်ပျိုးလုပ်ပိုင်ခွင့်ကို ပိုင်းဝန်းကူညီပံ့ပိုးပေးသင့်ပြီး ၎င်း တို့ထိန်းချုပ်နယ်မြေ များတွင် ဤအစီရင်ခံစာပါ ထောက်ပြချက်များအတိုင်း ကြိုးစားလုပ်ကိုင်သင့်ပါသည်။

- နိုင်ငံတော်အစိုးရအနေဖြင့် ၎င်းတို့၏မြေယာအသုံးပြုခွင့်မူဝါဒနှင့် ဥပဒေများသည် လက်ရှိတောင်သူ များကျင့်သုံးနေသော မြေယာပိုင်ဆိုင်ခွင့်ထုံးစံများကို အကာအကွယ်ပေးနိုင်ရန်လုပ်ဆောင်သင့်ပါ သည်။ ထို့အပြင် ဒေသခံရွာသားများသည် ဘိုးစဉ်ဘောင်ဆက်လက်ဆင့်ကမ်းခဲ့ သော နည်းဖြင့်လည်းကောင်း၊ ကိုလိုနီခေတ်နှင့် ဒေသတွင်းအာဏာပိုင်များက ချပေးထားသော မြေယာ လုပ်ပိုင်ခွင့်အထောက်အထားဖြင့်လည်းကောင်း မိမိပိုင်မြေယာများကိုပိုင်ဆိုင်ကြောင်းတင် ပြခြင်းကိုလည်း နိုင်ငံတော်အနေဖြင့် အသိအမှတ်ပြုသင့်ပါသည်။




ဤပုံကို ၂၀၁၃ခုနှစ် ဧပြီလ ၂၇ ရက်၊ ကရင်ပြည်နယ်အရှေ့မြောက်ပိုင်း ဒွယ်လိုးမြို့နယ်၊ မယ်ကလယ်ကလိုကျေးရွာအနားတွင် ရိုက်ယူခဲ့သည်။ ၎င်းသည် ရွှေတူးဖော်ရေးလုပ်ငန်းကြောင့် အကျိုးဆက်အနေဖြင့် ကြီးမားကျယ်ပြန့်စွာ ထိခိုက်ပျက်စီးသွားသော သဘာဝပတ်ဝန်းကျင်ကို ပြသောပုံဖြစ်သည်။ *[ပုံ-KHRG]*

## အပစ်အခတ်ရပ်စဲရေး ပြုလုပ်ပြီးနောက်ပိုင်း မြေယာသိမ်းဆည်းခြင်း၏ အခြေအနေ


- စီမံကိန်းလုပ်ဆောင်မည့်သူများသည် လူ့အခွင့်အရေးအလွဲသုံးစားသူများမဖြစ်စေရန် ၎င်းတို့နှင့် လက်တွဲလုပ်ဆောင်နေသောသူများ သည် ဒေသခံများ၏အခွင့်အရေးနှင့် လုံခြုံရေးကိုချိုးဖောက်နေ သူများမဟုတ်ကြောင်း သေချာစွာသိရှိရန်လိုအပ်ပါသည်။
- လက်နက်ကိုင်တပ်ဖွဲ့များအားလုံးသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိယခင် ပဋိပက္ခ ဖြစ်ပွားခဲ့ရာ ဒေသများမှပြန်လည် ဆုတ်ခွာ ပေးရန်လိုအပ်ပြီး စစ်စခန်းများ၊ စစ်တန်း လျားများ၊ စစ်သားမိသားစုများနေရန် အိမ်ခန်းများဆောက်လုပ်ပေးခြင်း သို့မဟုတ် တပ် ရန်ပုံငွေရရှိရေး အတွက် အငှားချထားရန် မြေယာသိမ်းဆည်းမှုများပြုလုပ်ခြင်း စသည့်များအားလုံးချက်ချင်းရပ်တန့် ပေးရန်လို အပ်ပါသည်။
- နိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ၎င်းတို့ရှေ့ဆက်လုပ်ဆောင်မည့်အ ပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများတွင် ဒေသခံပြည်သူများ (ပြည်တွင်းနေရာရွှေ့ပြောင်းနေထိုင်သူများနှင့် ပြည်ပတွင် ခိုလှုံနေရသော ဒုက္ခသည်များ အပါအဝင်) ၏မြေယာရပိုင်ခွင့်များ အကာအကွယ်ပေးမည့် အကြောင်းအရာများပါ ထည့်သွင်းဆွေးနွေးသင့်ပါသည်။

# မှတ်တမ်းတင်ထားသောရွှေတူးဖော်သည့်နေရာများ




**Legend**

- ရွှေတူးဖော်ရေးလုပ်ငန်း
- မြို့
- လမ်း
- မြစ်
- ဒေသအတွင်းသတ်မှတ်ထားသော ကရင်နယ်နိမိတ်
- အစိုးရ နယ်နိမိတ်



# ဒူးပလာယာခရိုင်အတွင်းဆောက်လုပ်နေသည့်လမ်းများ




KHRG

## အဓိကကျသော ရှာဖွေတွေ့ရှိချက်များ

- စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ အပါအဝင် အခြေခံ အဆောက်အအုံ ဆောက်လုပ်ရေး စီမံကိန်းများ၊ သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ခြင်းများ ၊ စီးပွားအဖြစ် စိုက်ပျိုးရေး စီမံကိန်းများနှင့် စစ်ဘက်ဆိုင်ရာ လှုပ်ရှားမှုများ စသည့် အမျိုးမျိုးသော လုပ်ဆောင်မှုများကြောင့် မြေယာသိမ်းဆည်းခြင်းနှင့် နောက်ဆက်တွဲအကျိုးသက်ရောက်မှုများ ကြီးမားစွာ ဖြစ်ပေါ်နေကြောင်းကို ဤအစီရင်ခံစာ ပြုစုစဉ်ကာလအတွင်း မြန်မာပြည် အရှေ့တောင်ပိုင်းမှ ကရင်လူမျိုးများ နေထိုင်ရာဒေသအတွင်းရှိရွာသူရွာသားများမှတင်ပြခဲ့ပါသည်။

- ရွာသားများက မြေယာသိမ်းဆည်းမှုများကြောင့် ဆိုးကျိုးများစွာ ဖြစ်ပေါ်လာပုံကိုလည်း တင်ပြလာကြပါသည်။ အထူးသဖြင့် စားဝတ် နေရေး အခက်အခဲများ၊ သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုများ၊ အခမ့်နေရာ ရွှေ့ပြောင်းခံရခြင်းများ၊ ကျန်းမာရေးပြဿနာများ စသည့် အရာများကို တင်ပြလာကြပါသည်။ ဤဆိုးကျိုးများသည် ရံဖန်ရံခါဆိုသလို တစ်ပြိုင်နက်ဖြစ်ပေါ်လာ သောကြောင့် ရွာသားများအတွက် ဘူးလေးရာ ဖရုံဆင့်ဆိုသကဲ့သို့ ပိုမိုခက်ခဲစေပါသည်။ ထိုကဲ့သို့ မြေယာများ သိမ်းဆည်းခံရခြင်းကြောင့် ရွာသားများကဝင်ငွေနှင့်အလုပ်အကိုင် ဆုံးရှုံးကြရခြင်း၊ ပိုင်ဆိုင်သော ဥစ္စာပစ္စည်းများဖြစ်သည့် ကျွဲနွားများ ထုတ်ရောင်းရခြင်း၊ ဘုံပိုင်ဆိုင်သော စားကျက်မြေများ ဆုံးရှုံးရခြင်း၊ သစ်၊ဝါးကဲ့သို့အိမ်ဆောက်ပစ္စည်းများ နှင့်ထင်းကဲ့သို့သောလောင်စာများရရှိရန်ခက်ခဲခြင်း၊ ရေလွှမ်းမိုးခြင်းကြောင့် လယ်ယာမြေနှင့် စားကျက်မြေများဆုံးရှုံးရခြင်း၊ မြစ်ချောင်းများတွင် စွန့်ပစ်ပစ္စည်းများကြောင့် ရေအဆိပ်သင့်ခံရခြင်း၊ အရေပြားနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများရရှိခြင်း၊ အိုးမဲ့အိမ်မဲ့ဖြစ်ရခြင်း နှင့် အခြားဒေသ (သို့) နိုင်ငံများသို့ ရွှေ့ပြောင်းနေထိုင် အလုပ်လုပ်ကိုင် ရခြင်း စသည့်ဆိုးကျိုးများကို ခံစားရကြောင်း တင်ပြကြပါသည်။

- မြေယာသိမ်းဆည်းမှုကျူးလွန်သူ အမျိုးမျိုးရှိကြောင်းနှင့် ၎င်းတို့သည် တစ်ဦးချင်း (သို့မဟုတ်) အတူတစ်ကွပူးပေါင်း၍ မြေယာသိမ်း ဆည်းမှုကျူးလွန်ကြကြောင်း ရွာသားများက ပြောကြားပါသည်။ မြေယာသိမ်းဆည်းမှု ကျူးလွန်သူများမှာ အစိုးရ သို့မဟုတ် အစိုးရကျောထောက်နောက်ခံပေးထားသောအဖွဲ့များဖြစ်သော အစိုးရအရာရှိ များ၊ တပ်မတော်၊ ကရင်နယ်ခြားစောင့်တပ်၊ ပြည်တွင်းပြည်ပ စီးပွားရေးကုမ္ပဏီများ၊ ချမ်းသာကြွယ်ဝသော ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ ဖြစ်ကြကြောင်း ရွာသားများ၏ ပြောဆိုချက်များတွင် တွေ့ရှိရပါသည်။ ရွာသားများ၏ ထုတ်ဖော် ပြောဆိုချက်အများစုတွင် ကျူးလွန်သူများသည် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ကြသော ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းစုများ ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ၎င်းတို့တွင် ပြည်တွင်းစီးပွားရေး ကုမ္ပဏီများ၊ တပ်မတော်နှင့် အစိုးရအာဏာပိုင်များ ပါဝင်ကြောင်း အစီရင်ခံစာ အများစုတွင် ဖော်ပြထားပါသည်။

- ရွာသားများက မြေယာသိမ်းဆည်းသူများသည် ၎င်းတို့၏စီမံကိန်းလုပ်ငန်းများ မစတင်မီရွာသားများ အား ခေါ်ယူတွေ့ဆုံ ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ခြင်းမရှိကြောင်း နှင့် လျော်ကြေးငွေများပေးအပ်ခြင်းမရှိကြောင်း အစဉ်ထုတ်ဖော် ပြောကြားကြပါသည်။ အချို့သော စီမံကိန်းလုပ်ဆောင်သူများသည် ရွာသားများအား ခေါ်ယူတွေ့ဆုံသော်လည်း ရွာသားများ၏ တင်ပြ တောင်းဆိုချက်များကို လျစ်လျူရှုကာ အရေးယူဆောင်ရွက်ပေးခြင်း မရှိပေ။ အချို့အဖြစ်အပျက် များတွင် လျော်ကြေးငွေ ရရှိသည်ဟုဆိုသော်လည်းလုံလောက်စွာရရှိမှုမရှိခြင်း၊ ပေးမည်ပြောပြီး လက်တွေ့တွင် မရရှိခြင်းများရှိကြောင်း ရွာသားများကပြောပါသည်။ အဖြစ်အပျက် အတော်များများတွင် ရွာသားများသည် လျော်ကြေးငွေမရရှိသည့်အပြင် ၎င်းတို့ပိုင်မြေများအား ပြန်လည် လုပ်ကိုင်နိုင်ရန် အတွက် ငှါးရမ်းခများကို သိမ်းဆည်းမည့်သူများအား ပေးဆောင်ရန် ဖိအားပေးခြင်း ခံရပါသည်။ အဖြစ်အပျက်တစ်ခုတွင် ရွာသားများသည် ၎င်းတို့ပိုင်ဆိုင်သော မြေများအား ပေးဆောင်ရန် သဘောတူညီကြောင်း လက်မှတ်ရေးထိုးရန် အကွက်ကျကျ လိမ်လည်လှည့်ဖျား၍ စည်းရုံးခြင်းခံခဲ့ရပါသည်။

- ရွာသားများသည် အမျိုးမျိုးသော အလွဲသုံးစားပြုမှုများ ခံစားကြရသော်လည်း နည်းလမ်းမျိုးစုံအသုံးပြု ၍ ဖြစ်စေ စုပေါင်းဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ ၎င်းတို့ရင်ဆိုင်ကြုံတွေ့ရသော ဆိုးကျိုးများ ကိုကာကွယ်ရန်နှင့် လျှော့ချရန်လုပ်ဆောင်လျက်ရှိကြပါသည်။ ရွာသားများသည် မိမိတို့ပိုင်ဆိုင်သော မြေယာများ သိမ်းဆည်းခြင်း မခံရစေရန် အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် မီဒီယာများ အား တွေ့ဆုံရှင်းလင်းခြင်း၊ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံစည်းရုံးလှုံ့ဆော်ခြင်း၊ မြေယာများကိုဥပဒေနှင့်အညီမှတ်ပုံတင်နိုင်ရန်ပြုလုပ်ခြင်း စသည့်နည်းလမ်းများ စွာဖြင့်ကြိုးပမ်းလုပ်ဆောင်လျှက်ရှိပါသည်။ ရွာသားများအနေဖြင့် မြေယာသိမ်းဆည်းမှုမခံရစေရန် လုပ်ဆောင်သည့်အခါ ဥပဒေနှင့်အညီ မိမိတို့ပိုင်ဆိုင်သော မြေယာများ မည်ကဲ့သို့ မှတ်ပုံတင်ရမည်ကို သိရှိနားလည်မှုမရှိခြင်း၊မြေယာသိမ်းဆည်းသူများ၏ လျစ်လျူရှုမှုခံရခြင်း စသည့် အတားအဆီးများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ အထူးသဖြင့် ရွာသားများသည် ၎င်းတို့ အတွက် အသက်အန္တရာယ်ရှိနိုင်သော်လည်း အခြားရွေးချယ်ရန်နည်းလမ်း မရှိသဖြင့် မြေယာသိမ်းဆည်းရာတွင် ပါဝင်သောလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တိုက်ရိုက်တွေ့ဆုံ ညှိနှိုင်းကြရပါသည်။ ထိုသို့တွေ့ဆုံရာတွင် ရွာသားများနှင့်၎င်းတို့၏အသိုက်အဝန်းအတွက် အကြမ်းဖက်ခြိမ်းခြောက် မှုများနှင့် ရင်ဆိုင်ရကြောင်းဖော်ထုတ်ပြောကြားပါသည်။ အဖြစ်အပျက်တစ်ခုတွင် ဘုန်းကြီးတစ်ပါးသည် သစ်လုပ်ငန်းတစ်ခုအပေါ် ဆန့်ကျင်ပြောကြားပြီး မကြာမီတွင် သတ်ဖြတ်ခြင်း ခံခဲ့ရပါသည်။ ရွာသားများသည် မြေယာသိမ်းဆည်းမှုမခံရစေရန် နည်းမျိုးစုံသုံး လုပ်ဆောင်ရာတွင် အခက်အခဲ၊ အန္တရာယ်များစွာနှင့်တွေ့ကြုံနေရသော်လည်း အချို့အဖြစ်အပျက်များမှာမူ ရွာသားများသည် စီမံကိန်းများရပ်တန့်သွားရန် လုပ်ဆောင်နိုင်ခဲ့ကြပါသည်။

၁၉၉၂ ခုနှစ်တွင်စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့အစည်းသည် လွတ်လပ်သော ဒေသခံ အဖွဲ့အစည်းတစ် ခုဖြစ်ပြီး ဒေသခံပြည်သူများအား ၎င်းတို့ တွေ့ကြုံခံစားနေရသော အဖြစ်အပျက်များနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ၏ သက်သေ အထောက်အထားများ စုဆောင်းမှတ်တမ်းယူနိုင်စေရန်သင်တန်းပို့ချပေးခြင်းနှင့် လိုအပ်သည့်ထောက်ကူပစ္စည်းများပံ့ပိုးပေးခြင်းအပြင် ရရှိသည့်သတင်းအချက်အလက်များအား ကမ္ဘာတစ်ပှမ်းလုံးသို့ ဖြန့်ဝေပေးခြင်းနှင့်ချိုးဖောက်မှုများကိုကာကွယ်လျှက်ရှိသည့်ရွာသားများ၏နည်းဗျူဟာများ ပိုမိုကောင်း မွန်စေရန် ၎င်းတို့နှင့် ပူးပေါင်းလုပ်ဆောင်မှုများ လုပ်ခြင်းဖြင့် မြန်မာပြည်ရှိလူ့အခွင့်အရေးအခြေအနေ ပိုမိုတိုး တက်ကောင်းမွန်လာစေရန်ကြိုးပမ်းဆောင်ရွက်လျှက်ရှိပါသည်။ ကျွန်ုပ်တို့ ၏လုပ်ငန်းများကို အသေးစိတ်သိလိုပါက www.khrg.org တွင် ဖတ်ရှုလေ့လာနိုင်ပါသည်။